ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

**အမိန့်ကြော်ငြာစာ အမှတ် ၃/ ၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်)

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၇၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ဆိုသည်။

(ခ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရန် ကော်မရှင်က ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

(ဂ) **ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ လိုအပ်ချက်အရ အခင်းဖြစ်ပွားရာ နေရာဒေသသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးရန် ကော်မရှင်က ဖွဲ့စည်းသည့် အဖွဲ့ကို ဆိုသည်။

(ဃ) **ကြည့်ရှုစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများကို ကြည့်ရှုစစ်ဆေးရန် ကော်မရှင်က ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

(င) **ပုံမှန်အစည်းအဝေး** ဆိုသည်မှာ တစ်လလျှင် တစ်ကြိမ် ပုံမှန်ကျင်းပသည့် အစည်းအဝေးကို ဆိုသည်။

(စ) **အထူးအစည်းအဝေး** ဆိုသည်မှာ ပုံမှန်အစည်းအဝေး မကျင်းပသည့် ကာလတွင် အထူးကိစ္စရပ်များ သို့မဟုတ် အရေးပေါ် ကိစ္စရပ်များကို ဆောင်ရွက်ရန် ကျင်းပသည့် အစည်းအဝေးကို ဆိုသည်။

## အခန်း(၂)

## ကော်မရှင်အဖွဲ့ဝင်များ လိုက်နာရန်စည်းကမ်းချက်များ

၃။ ကော်မရှင် အဖွဲ့ဝင်သည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်-

(က) ဥပဒေပါ ကော်မရှင်၏ ရည်ရွယ်ချက်များ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ခ) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟု ယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြား ဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန်၊

(ဂ) ကော်မရှင် အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် လေးစားမှုနှင့် နားလည်မှုကို အလေးထားရန်၊

(ဃ) ဥပဒေပါ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရန်၊

(င) ကော်မရှင် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပြင်ပတွင်ပေါက်ကြားရန် မသင့်သော အစည်းအဝေးတွင် ဆွေးနွေး ပြောကြားချက်များ၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ထိန်းသိမ်း တာဝန်ယူရန်၊

(စ) ကော်မရှင်၏ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ၏ လုံခြုံရေးကို ထိန်းသိမ်းရန်၊

(ဆ) ကော်မရှင်က အခါအားလျော်စွာ ချမှတ်ထားသော စည်းကမ်းချက်များကို လေးစားလိုက်နာရန်။

## အခန်း(၃)

## လူ့အခွင့်အရေး အသိပညာအဆင့်အတန်းမြှင့်တင်ရေး ဆောင်ရွက်ခြင်း

၄။ ကော်မရှင်သည် အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ အဆင့်အတန်းမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ ပြည်တွင်း ဥပဒေများ၊ နိုင်ငံတော်၏ ဆောင်ရွက်ချက်များ၊ ဒေသတွင်း ဆောင်ရွက်ချက်များ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိနိုင်ရန် လိုအပ်သလို အသိပညာပေးခြင်း၊ သတင်း အချက်အလက်များ ဖြန့်ချိခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်များကို သင့်လျော်သလို သတင်းထုတ်ပြန်ရမည်။

(ဂ) လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အသိပညာပေးရာတွင် သင်ကြားပို့ချခြင်း၊ ညီလာခံ၊ နှီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ အလုပ်ရုံသင်တန်းနှင့် ဟောပြောပွဲများကို သင့်လျော်သလို ကျင်းပခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ရိုက်နှိပ် ဖြန့်ချိခြင်းတို့ ဆောင်ရွက်ရမည်။ လိုအပ်ပါက သတင်းမီဒီယာ နည်းလမ်းကို အသုံးပြုနိုင်သည်။

## အခန်း(၄)

## လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း

### လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း

၅။ ပုဂ္ဂိုလ်တစ်ဦးသည် မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း၊ တူညီသော လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ အမြန်ချောပို့စနစ်၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုရှိကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်းပြုလိုပါက စာဖြင့် ရေးသားဖော်ပြသော တိုင်တန်းချက်တစ်ရပ်ကို ဥပဒေပုဒ်မ ၃၀ အရ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ ပါဝင်စေလျက် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကော်မရှင်သို့ တိုင်တန်းနိုင်သည်-

(က) တိုင်တန်းသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ရှိပါက ဖုန်းနံပါတ်၊ ဖက်စ် သို့မဟုတ် အီးမေးလ်၊

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင်နှင့် အထောက်အထား မိတ္တူများ၊

(ဂ) တိုင်တန်းသူသည် မိမိအတွက်မဟုတ်ဘဲ အခြားသူ တစ်ဦးတစ်ယောက်အတွက် တိုင်တန်းခြင်းဖြစ်ပါက အပိုဒ်ခွဲ (က) နှင့် (ခ) တို့ပါအချက်များ၊

(ဃ) တိုင်တန်းချက်ပါ အကြောင်းအရာများသည် မှန်ကန်ကြောင်း ဝန်ခံချက်လက်မှတ်။

၆။ တိုင်တန်းချက်ကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လိပ်မူ၍ စာတိုက်မှ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပ အမြန်ချောပို့

စနစ်ဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကော်မရှင်ရုံးသို့ ပေးပို့နိုင်သည်။

**တိုင်တန်းချက်များ စိစစ်၊ စုံစမ်းစစ်ဆေးခြင်း**

၇။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည်-

(က) ကော်မရှင်အဖွဲ့ဝင် သုံးဦး၊

(ခ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ညွှန်ကြားရေးမှူး သို့မဟုတ် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော အရာရှိတစ်ဦး၊

(ဂ) ဥပဒေကျွမ်းကျင်သူ ကော်မရှင်ရုံး ဝန်ထမ်းတစ်ဦး၊

(ဃ) အခြား ဘာသာဖြင့် တိုင်တန်းချက်များအတွက် လိုအပ်ပါက သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သူတစ်ဦး။

၈။ (က) တိုင်တန်းချက် စိစစ်၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင် သုံးဦးအနက် အနည်းဆုံးနှစ်ဦးဖြင့် ဆောင်ရွက်ရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးတည်းသာရှိပါက ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြပြီး အခြား ကော်မရှင်အဖွဲ့ဝင်တစ်ဦး ထည့်သွင်း၍ ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေး အဖွဲ့သည် နေ့စဉ် အစည်းအဝေးထိုင်ပြီး တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စိစစ်၊ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီး ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ကော်မရှင်သို့ တင်ပြရမည်။

၉။ တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ သာမန်အားဖြင့် အရေးယူဆောင်ရွက်ရန် ဖြစ်သော်လည်း အရေးကြီးသည့် တိုင်တန်းချက်ဟု ယူဆပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥက္ကဋ္ဌထံ တင်ပြ၍ ကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ တိုင်တန်းချက်ကို လက်ခံရာတွင် ကော်မရှင်ရုံးရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရုံးချိန်အတွင်း လူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် လာရောက်ပေးပို့သော တိုင်တန်းချက်ကို လာရောက်ပေးပို့သူထံ လက်ခံရရှိကြောင်း အထောက်အထား ဖြတ်ပိုင်းပေးရန်နှင့် ဖြတ်ပိုင်းစာအုပ်စနစ်တကျထားရှိခြင်း၊

(ခ) ရုံးချိန်ပြင်ပ၌ ရောက်ရှိလာသောစာကို လက်ခံရန် ခြံဝင်းတံခါးဝတွင် သော့ခလောက်ပါသော စာတိုက်ပုံးထားရှိခြင်းနှင့် သက်ဆိုင်ရာအရာရှိသည် ဝင်စာများအနက် တိုင်တန်းချက်ကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသို့ လွှဲအပ်ခြင်း၊

(ဂ) ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ရောက်ရှိလာသော တိုင်တန်းချက်နှင့် သက်ဆိုင်သည့် စာများကို လက်ခံ၍ စနစ်တကျ မှတ်ပုံတင်ခြင်း၊

(ဃ) တိုင်တန်းချက်ကို လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊

(င) ဝန်ထမ်းသည် တိုင်တန်းချက်ပါ အကြောင်းအရာကို မသက်ဆိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ နှုတ်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ ဖက်စ်ဖြင့်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကို အသုံးပြု၍လည်းကောင်း၊ စာဖြင့်ပေးပို့၍လည်းကောင်း၊ အခြား တစ်နည်းနည်းဖြင့်လည်းကောင်း ပြောကြားခြင်းနှင့် အသိပေးခြင်းတို့ မပြုလုပ်ခြင်း။

၁၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အောက်ပါအချက်များနှင့် ကိုက်ညီသော တိုင်တန်းချက်ကို အမျိုးအစားအလိုက် စိစစ်ခွဲခြားပြီး စာရင်းပြုစုရမည်-

(က) ကော်မရှင်သို့ လိပ်မူသော တိုင်တန်းချက်၊

(ခ) ကော်မရှင်သို့ မိတ္တူပေးပို့ခြင်းဖြစ်သော်လည်း အရေးယူ ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆသော တိုင်တန်းချက်၊

(ဂ) ဥပဒေနှင့် ကိုက်ညီသော တိုင်တန်းချက်။

၁၂။ အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်သော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့က အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်း မရှိစေရ-

(က) သဘောရိုးဖြင့် တိုင်တန်းချက် မဟုတ်ခြင်း၊

(ခ) ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

(ဂ) တိုင်တန်းသူအတွက် ပို၍သင့်လျော်သော ကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းရှိခြင်း၊

(ဃ) ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်ဖြစ်ခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းနှင့် မသက်ဆိုင်သော တိုင်တန်းချက်ဖြစ်ခြင်း၊

(စ) တိုင်တန်းချက်တွင် ဖော်ပြသော အချက်များသည် ခိုင်မာမှုအတွက် သံသယဖြစ်ဖွယ်ရှိခြင်းနှင့် ဆက်သွယ်စုံစမ်းသော်လည်း အဆက်အသွယ် မရရှိခြင်း၊

(ဆ) တိုင်တန်းချက်ပါ ဖြစ်ရပ်သည် အချိန်ကာလ ကြာရှည်ပြီး သက်သေခံအထောက်အထား စာရွက်စာတမ်းများ မပြည့်စုံသဖြင့် အရေးယူဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သော တိုင်တန်းချက်ဖြစ်ခြင်း၊

(ဇ) တရားရုံး တစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုနှင့် တရားရုံး တစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲ အမှုများဖြစ်ခြင်း၊

(ဈ) တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုဖြစ်ခြင်း။

၁၃။ အပိုဒ် ၁၂ တွင် ဖော်ပြပါရှိသည့် တိုင်တန်းချက်ကို အရေးယူ ဆောင်ရွက်ရန် မလိုအပ်သော်လည်း မှတ်တမ်းအနေဖြင့် စနစ်တကျ ထားရှိရမည်။

၁၄။ တိုင်တန်းသူအနေဖြင့် တိုင်တန်းသည့်ကိစ္စနှင့်စပ်လျဉ်းပြီး ယခင် တိုင်တန်းစဉ် အခါ က မတင်ပြနိုင်ခဲ့သော သက်သေ သို့မဟုတ် သက်သေခံ စာရွက်စာတမ်းများ

အား အထောက်အထား အပြည့်အစုံဖြင့် ပြန်လည်တင်ပြ တိုင်တန်းမည်ဆိုပါက ယင်းတိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေး အဖွဲ့သည် လက်ခံဆောင်ရွက်ရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) တိုင်တန်းချက် အကြောင်းအရာ အကျဉ်းချုပ်ကို သုံးသပ် ဆွေးနွေးခြင်းနှင့် လိုအပ်ပါက တိုင်တန်းချက် အပြည့်အစုံကို အသေးစိတ်လေ့လာဖတ်ရှုခြင်းတို့ ပြုလုပ်ပြီး မည်ကဲ့သို့ ဆောင်ရွက်မည်ကို အဆုံးအဖြတ် ပေးရမည်။

(ခ) တိုင်တန်းချက်တွင် ဥပဒေနှင့် နည်းဥပဒေပိုင်းဆိုင်ရာ ရည်ညွှန်းကိုးကားချက်များ ပါဝင်ပါက သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို လေ့လာဖတ်ရှုပြီး ကိုက်ညီမှုမှန်ကန်ခြင်း ရှိ မရှိ သုံးသပ်ရမည်။ လိုအပ်ပါက ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန၏ ဥပဒေဆိုင်ရာ အကြံပြုချက်များကို တောင်းခံရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စတွင် ပါဝင် ပတ်သက်သူများအား တွေ့ဆုံမေးမြန်းပြီး သက်သေခံ ပစ္စည်းနှင့် စာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်။ ၎င်းတို့၏ ထွက်ဆိုချက်များ၊ အထောက်အထားများကို ရှင်းလင်းပြသ၍ ကာယကံရှင်များ ကိုယ်တိုင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမည်။

(ဃ) လိုအပ်ပါက ကော်မရှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခင်း ဖြစ်ပွားရာ နေရာဒေသသို့ သွားရောက် စုံစမ်းစစ်ဆေးခြင်း၊ သက်သေအထောက်အထားများ ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ပြုလုပ်နိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆွေးနွေးညှိနှိုင်းချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အဆိုပါအကြောင်းကြားစာတွင် ကော်မရှင်၏ စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များ ပါဝင်ရမည်။ ယင်း အကြံပြု တိုက်တွန်းချက်များတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြရမည်-

(က) လူ့အခွင့်အရေး ဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်း လူ့အခွင့်အရေး ဖောက်ဖျက်မှု ဆက်လက် မဖြစ်ပေါ်စေရေးနှင့် အလားတူ ဖောက်ဖျက်မှု ထပ်မံ မဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကိုကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာ ကြေး ရရှိနိုင်ရေး၊

(ဃ) အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ် အတွင်း ပြန်ကြားရေးနှင့် ထိုသို့ပြန်ကြားရာတွင် တိုင်တန်းသူအား တိုင်တန်းမှုအတွက် လက်တုံ့ပြန်မှု ပြုမည်မဟုတ်ကြောင်း ထည့်သွင်း ဖော်ပြရေး။

၁၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံမှ ပြန်ကြားချက်ကို သတ်မှတ်ကာလဖြစ်သည့် ရက်ပေါင်းသုံးဆယ်အတွင်း လက်ခံရရှိ ခြင်းမရှိပါက ထပ်မံနိူးဆော် အကြောင်းကြားရန်နှင့် ထပ်မံနိူးဆော် အကြောင်းကြား သော်လည်း ပြန်ကြားလာခြင်း မရှိပါက ကော်မရှင်သည် နိုင်ငံတော်သမ္မတထံ တင်ပြနိုင်သည်။ ထို့ပြင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ သည့် နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြနိုင် သည်။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်၏ အကြံပြု တိုက်တွန်းချက် များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်၏ အရေးယူ ဆောင်ရွက် ထားရှိမှု ပြန်ကြားချက်အပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အရေးယူဆောင်ရွက်ချက်သည် ပြည့်စုံလုံလောက်မှုရှိသည်ဟု ယူဆ ပါ က သက်ဆိုင်ရာ တိုင်တန်းသူထံ အသိပေး အကြောင်းကြားခြင်း၊

(ခ) အရေးယူဆောင်ရွက်ချက်သည် ပြည့်စုံလုံလောက်မှုမရှိဟု ယူဆပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံ ဖြည့်ဆည်း ဆောင်ရွက်ရန် ထပ်မံအကြောင်းကြားခြင်း၊

(ဂ) အရေးယူ ဆောင်ရွက်ခြင်း မရှိသေးပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံ နှိုးဆော် အကြောင်းကြားခြင်း။

၂၀။ တိုင်တန်းသူအနေဖြင့် ၎င်း၏ တိုင်တန်းချက်ကို စိစစ်ဆဲအဆင့်၌ဖြစ်စေ၊ စုံစမ်းစစ်ဆေးဆဲ အဆင့်၌ဖြစ်စေ ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ ပြုလုပ်လိုကြောင်း စာဖြင့် တင်ပြလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စိစစ်ပြီး ခွင့်ပြုနိုင်သည်။

**သက်သေအား စစ်ဆေးမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်ထားများ စစ်ဆေးခြင်း**

၂၁။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သက်သေဆင့်ဆိုခြင်းနှင့် စစ်ဆေးမေးမြန်းခြင်း၊ စာရွက်စာတမ်း အထောက်အထားများ တင်ပြစေခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၂၉ အရ သဘာဝတရားမျှတမှု သဘောတရားနှင့်အညီ ဆောင်ရွက်ရမည့်အပြင် တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံ အက်ဥပဒေပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးလျက်ရှိသော ကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပေးနိုင်မည်ဟု ထင်မြင်ယူဆရသူ မည်သူ့ကိုမဆို စစ်ဆေးမေးမြန်းရန် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(က) သတ်မှတ်ချိန်းဆိုထားသည့် နေရာနှင့် အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့် ဆင့်ဆိုခြင်း၊

(ခ) ပုံစံ (၁) ပါအတိုင်း ကတိသစ္စာ ပြုစေခြင်း၊

(ဂ) စစ်ဆေးမေးမြန်းခြင်း၊

(ဃ) ထွက်ဆိုချက်ကို ဖတ်ရှုစေပြီး မှန်ကန်ကြောင်း လက်မှတ် ရေးထိုးစေခြင်း။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အောက်ပါတို့မှအပ မိမိစုံစမ်း စစ်ဆေးသော ကိစ္စတစ်ရပ်နှင့် ပတ်သက်သည်ဟု ယူဆသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် ရုံးကိုမဆို ယင်းတို့ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် စာရွက်စာတမ်း နှင့် အထောက်အထားများ တင်ပြရန် စာဖြင့်ရေးသား ဆင့်ဆိုနိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက လုံခြုံမှု အဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၂၄။ အပိုဒ် ၂၃၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့နှင့်အညီ သက်ဆိုင်ရာ စာရွက်စာတမ်း များကို စာဖြင့်ရေးသား ဆင့်ဆိုရာတွင် ၎င်းစာရွက်စာတမ်းများသည် လူ့အခွင့်အရေး ဖောက်ဖျက်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းအတွက် အဓိကကျ၍ အရေးကြီးသော စာရွက်စာတမ်းများ ဖြစ်ကြောင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံ အလေးအနက်ထား ဖော်ပြ၍ ဆင့်ဆိုရမည်။

၂၅။ သက်သေအား စစ်ဆေးမေးမြန်းစဉ် တစ်နည်းနည်းဖြင့် အသံဖမ်းယူခြင်းကို ခွင့်မပြုရ။ အကယ်၍ တိုင်တန်းသူ၊ တိုင်တန်းခံရသူ သို့မဟုတ် သက်သေက ထွက်ဆိုချက် မိတ္တူ တောင်းခံလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦး၏ ခွင့်ပြုချက်ဖြင့် ပေးနိုင်သည်။

၂၆။ တိုင်တန်းသူ၊ တိုင်တန်းခံရသူ သို့မဟုတ် သက်သေက လာရောက်ထွက်ဆို ရာတွင် လိုအပ်ပါက အဖော်တစ်ဦး ခေါ်ဆောင်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်း အဖော်သည် သက်သေထွက်ဆိုရာ၌ ဝင်ရောက်စွက်ဖက် ပြောကြားခြင်းမပြုစေရ။ အကယ်၍ တိုင်တန်းသူ၊ တိုင်တန်းခံရသူ သို့မဟုတ် သက်သေသည် အမြင်အာရုံ ချို့ယွင်းအားနည်းသူ၊ ဆွံ့အနားမကြားသူ ဖြစ်လျှင်သော်လည်းကောင်း၊ မြန်မာ ဘာသာစကားကို ကောင်းစွာ ပြောဆိုနိုင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ ကိုယ် အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့်ဖြစ်စေ၊ စကားပြန်မှတစ်ဆင့်ဖြစ်စေ

အကူအညီ ရရှိနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၇။ (က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးလျက်ရှိသည့် ကိစ္စနှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်၌ ထွက်ဆိုချက် လာရောက်ပေးမည့်သူများအား အခြား မသက်ဆိုင်သည့်သူများက ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုစေရေးအတွက် လိုအပ်သကဲ့သို့ စီမံဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်လာရောက် ထွက်ဆိုချက် ပေးသူတို့အား ထွက်ဆိုချက်ပေးသူနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အပါအဝင် ၎င်းတို့၏ ထွက်ဆိုချက်များနှင့် တင်ပြသည့် သက်သေခံ စာရွက်စာတမ်း အထောက်အထားများနှင့် စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်က ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ မှီငြမ်းပြောဆိုကိုးကား အသုံးပြုခြင်းတို့ ဆောင်ရွက်ခွင့် မရှိကြောင်းကိုလည်းကောင်း၊ အထက်ပါတို့နှင့် စပ်လျဉ်းပြီး ကော်မရှင်က လျှို့ဝှက်ထားကြောင်းကိုလည်းကောင်း ထွက်ဆိုချက် မပေးမီ ရှင်းပြရမည်။

**အခင်းဖြစ်ပွားရာနေရာ ဒေသသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း**

၂၈။ တိုင်တန်းချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း သိရှိပါက သို့မဟုတ် လူ့အခွင့်အရေး ဖောက်ဖျက်မှု ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်ကိုလည်းကောင်း၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည်။ လိုအပ်ပါက ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေနိုင်သည်။

၂၉။ ကော်မရှင်သည် ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း လိုအပ်သကဲ့သို့ ဖွဲ့စည်းနိုင်သည်-

(က) ကော်မရှင်အဖွဲ့ဝင် အနည်းဆုံးတစ်ဦးမှ အများဆုံး သုံးဦး၊

(ခ) လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက်မနိမ့်သော အရာရှိတစ်ဦး၊

(ဂ) သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သူ တစ်ဦး၊

(ဃ) မှတ်တမ်းရေးသားသူ တစ်ဦး၊

(င) မှတ်တမ်းတင် ဓာတ်ပုံ၊ ဗွီဒီယို ရိုက်ကူးသူ တစ်ဦး။

၃၀။ အကယ်၍ ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင် ပါဝင်ရန် မလိုအပ်ပါက ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော အရာရှိတစ်ဦး ဦးဆောင်စေ၍ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (ဂ)၊ (ဃ) နှင့် (င) တို့ပါပုဂ္ဂိုလ်များဖြင့် ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၃၁။ ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သွားရောက်မည့် ခရီးစဉ် လုံခြုံချောမွေ့စေရေးအတွက် လိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသို့ ကြိုတင်အကြောင်းကြားခြင်း၊

(ခ) လိုအပ်ပါက နယ်မြေခံ တာဝန်ရှိသူများအား ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကော်မရှင်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကြိုတင်ညှိနှိုင်းပြီး အဖွဲ့ဝင်အဖြစ် ဖြည့်စွက် ဖွဲ့စည်းခြင်း၊

(ဂ) အဖွဲ့၏ လုံခြုံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများကို ဒေသခံ အဖွဲ့အစည်း၊ ဌာနများနှင့် ညှိနှိုင်းပြင်ဆင်ခြင်း၊

(ဃ) အဖွဲ့တွင် လမ်းညွှန်မြေပုံ၊ ကင်မရာ၊ အသံဖမ်းစက်၊ ရုံးသုံး စာရေးကိရိယာနှင့် တိုင်းတာရေးကိရိယာ စသည်တို့ကို ပြည့်စုံစွာ ယူဆောင်ခြင်း၊

(င) လွတ်လပ်စွာ ကြည့်ရှုစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်သေထွက်ဆိုချက်နှင့် အထောက်အထားများ ရယူခြင်း၊

(စ) ဒေသခံ တိုင်းရင်းသားများ၏ နောက်ခံသမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကားတို့ကို ကြိုတင်လေ့လာ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မထိခိုက်စေရန် အလေးထား ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သော ဘာသာပြန်များကို အသုံးပြုခြင်း၊

(ဆ) အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင်ကိုယ်စား ဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို သက်ဆိုင်သူ ပုဂ္ဂိုလ်များအား အသိပေးပြောကြားခြင်း၊

(ဇ) စုံစမ်းစစ်ဆေးသည့် အမှုနှင့် စပ်လျဉ်းသော အရေးကြီးသတင်းအချက်အလက်များကို တရားဝင်ထုတ်ပြန်ခြင်း မပြုသေးသည့် ကာလအတွင်း အတွင်းရေးအဆင့် သတ်မှတ်ထားခြင်း၊

(ဈ) စုံစမ်းစစ်ဆေးသည့် အမှုနှင့် စပ်လျဉ်း၍ သတင်းထောက်များက မေးမြန်းပါက အဖွဲ့ခေါင်းဆောင် သို့မဟုတ် အဖွဲ့က တာဝန်ပေးအပ်ထားသူက ဖြေကြားခြင်း။

၃၂။ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးသည့်အမှုနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လိုက်နာရမည်-

(က) လိုအပ်သော သတင်းအချက်အလက်၊ ကိန်းဂဏန်း၊ အထောက်အထားများ ရယူနိုင်ရန် စာပေးစာယူ၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် ဆက်သွယ်ခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်ထံ လူကိုယ်တိုင် တွေ့ဆုံညှိနှိုင်းခြင်း၊

(ခ) သက်သေ ထွက်ဆိုချက် ရယူရန်အလို့ငှာ လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် စာဖြင့် ကြိုတင် အကြောင်းကြားခြင်း၊

(ဂ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်များကို ရယူခြင်း။

၃၃။ ကွင်းဆင်းစုံစမ်းစစ်ဆေးရေး အဖွဲ့သည် သက်သေအား စစ်ဆေး မေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ အပိုဒ် ၂၁ မှ ၂၇ အထိတွင် ဖော်ပြချက်များအတိုင်း ဆောင်ရွက်ခွင့် ရှိသည်။

၃၄။ စုံစမ်းတွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက လက်မှတ်ရေးထိုး ပေးပို့ရမည်။ ယင်းအကြံပြုတိုက်တွန်းချက်များတွင် အောက်ပါတို့ကို ထည့်သွင်း ဖော်ပြရမည်-

(က) လူ့အခွင့်အရေး ဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်း လူ့အခွင့်အရေး ဖောက်ဖျက်မှု ဆက်လက် မဖြစ်ပေါ်စေရေးနှင့် အလားတူ ဖောက်ဖျက်မှု ထပ်မံ မဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေး။

## အခန်း (၅)

## အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှု စစ်ဆေးခြင်း

### ကြည့်ရှုစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဥပဒေပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့အရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသို့ ကြည့်ရှုစစ်ဆေးလိုသည့်ကာလကို အကြောင်းကြားပြီး ကြည့်ရှု စစ်ဆေးခြင်း၊ အဆိုပါနေရာများရှိ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေ ရသူများနှင့် ထိန်းသိမ်း စောင့်ရှောက်ခံရသူများအား ၎င်းတို့၏ အသုံးအဆောင်များကို စစ်ဆေးခြင်းအပါအဝင် သီးခြားတွေ့ဆုံမေးမြန်းခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနတို့က အရေးယူဆောင်ရွက်ရန် အချက်များကို ဖော်ပြပြီး ၎င်းတို့၏ အရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သို့ ပြန်ကြားပေးရန် အကြံပြုတိုက်တွန်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ပရဟိတ အဖွဲ့အစည်းများလက်အောက်ရှိ ကလေးသူငယ်များ၊ လူငယ်များ၊ မသန်စွမ်းသူများ၊ ဘိုးဘွားများ၊ အမျိုးသားများ၊ အမျိုးသမီးများကို ထိန်းသိမ်းစောင့်ရှောက်ထားသော နေရာဌာနများနှင့် ပဋိပက္ခဖြစ်ပွားသောနယ်မြေ၊ သဘာဝဘေးအန္တရာယ်ကျရောက်ရာ နယ်မြေများတွင် ဒုက္ခသည်များအား စုစည်းထိန်းသိမ်း စောင့်ရှောက်ထားသော စခန်းများ အားလုံးကို လူ့အခွင့်အရေး အခြေခံဖြင့် ကြည့်ရှုစစ်ဆေးနိုင်သည်။

၃၇။ ကော်မရှင်သည် ကြည့်ရှုစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကော်မရှင်အဖွဲ့ဝင် နှစ်ဦး သို့မဟုတ် သုံးဦး၊

(ခ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ညွှန်ကြားရေးမှူး သို့မဟုတ် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော အရာရှိ တစ်ဦး၊

(ဂ) ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦး သို့မဟုတ် သုံးဦး၊

(ဃ) နိုင်ငံခြားသားနှင့် တိုင်းရင်းသားများရှိသော အကျဉ်းထောင်၊ အကျဉ်းစခန်းများအတွက် လိုအပ်ပါက သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သူ။

၃၈။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရန်အတွက် သွားရောက်ခြင်း မပြုမီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သွားရောက်မည့် ခရီးစဉ်နှင့် လုံခြုံရေးကိစ္စအပါအဝင် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသို့ အကြောင်းကြားခြင်း၊

(ခ) လိုအပ်ပါက နယ်မြေခံတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရေး အဖွဲ့အား ကူညီဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများနှင့် ကြိုတင်ညှိနှိုင်းခြင်း၊

(ဂ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကိစ္စများကို ဒေသခံ အဖွဲ့အစည်း၊ ဌာနများနှင့် ညှိနှိုင်း ပြင်ဆင်ခြင်း၊

(ဃ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့တွင် လမ်းညွှန်မြေပုံ၊ ကွန်ပျူတာ၊ ကင်မရာ၊ အသံဖမ်းစက်၊ ရုံးသုံးစာရေးကိရိယာနှင့် တိုင်းတာရေး ကိရိယာ စသည်တို့ကို ပြည့်စုံစွာ ယူဆောင်ခြင်း။

၃၉။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာ တာဝန်ရှိသူ များထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းနှင့် ဌာနများသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) အကျဉ်းထောင်နှင့် စခန်းများသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးရာ တွင် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ထိန်းသိမ်း စောင့်ရှောက် ရေးစခန်းနှင့် ဌာနများအတွင်းရှိ နေရာများနှင့် အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်းစောင့် ရှောက်ထားခြင်း ခံရသူများ၏ အသုံး အဆောင်များကို စစ်ဆေးခြင်း၊

(ဃ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်း စောင့်ရှောက်ထားခြင်းခံရ သူများအား လွတ်လပ်စွာ ကြည့်ရှုစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ ထွက်ဆိုချက်နှင့် အထောက်အထားများ ရယူခြင်း၊

(င) နှစ်စဉ် လျာထားချက်ဇယား ရေးဆွဲပြီး အကျဉ်းထောင်၊ အကျဉ်း စခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သတင်းထုတ်ပြန်ခြင်း၊

(ဆ) အကြံပြု တိုက်တွန်းချက်များအပေါ် အရေးယူ ဆောင်ရွက်ချက်များ ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကော်မရှင်သို့ ပြန်ကြား ရန် တိုက်တွန်းခြင်း၊

(ဇ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရ သူများအနက် နိုင်ငံခြားသားနှင့် ဒေသခံတိုင်းရင်းသားများ ပါရှိပါက နှစ်နိုင်ငံဆက်ဆံရေး မထိခိုက်စေရန်နှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မထိခိုက်စေရန် အလေးထား ဆောင်ရွက်ခြင်း။

၄၀။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အောက်ပါ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများကို ကြည့်ရှု စစ်ဆေးရမည်-

(က) အကျဉ်းထောင်နှင့် အကျဉ်းစခန်းအားလုံး၊

(ခ) တရားရုံးနှင့် ရဲစခန်းများတွင်ရှိသော အချုပ်ခန်းအားလုံး၊

(ဂ) သဘာဝ ဘေးဒဏ်အရဖြစ်စေ၊ အခြား ကိစ္စတစ်ရပ်ရပ်အရဖြစ်စေ ဒုက္ခသည်များအား အမြဲတမ်း သို့မဟုတ် ယာယီ ထိန်းသိမ်းစောင့်ရှောက်ထားသော စခန်းများ၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊

(င) စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တည်ထောင်ထားသော အောက်ပါ ဂေဟာများနှင့် သင်တန်းကျောင်းများ -

  (၁) ပရဟိတဂေဟာများ၊

  (၂) ဘိုးဘွားရိပ်သာများ၊

  (၃) မသန်စွမ်းသင်တန်းကျောင်းများ၊

  (၄) ကလေးပြုစုစောင့်ရှောက်ရေးဌာနများ၊

  (၅) အခြားပြုစုစောင့်ရှောက်ရေးဌာနများ။

**ကြည့်ရှုစစ်ဆေးရာတွင် အခြေခံရမည့် စံနှုန်း**

၄၁။ ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် အကျဉ်းထောင်နှင့် အကျဉ်းစခန်းများရှိ အကျဉ်းသားများအား ကြည့်ရှုစစ်ဆေးရာတွင် ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူ ဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံး စံနှုန်းများနှင့် ညီမညီ အောက်ပါတို့ကို ကြည့်ရှုစစ်ဆေးရမည်-

(က) အကျဉ်းသားထံမှ သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်း ထားခြင်း ရှိ မရှိ၊

(ခ) အကျဉ်းသား၌ ထိခိုက်သည့် ဒဏ်ရာဒဏ်ချက်များ ရှိ မရှိ၊

(ဂ) အကျဉ်းထောင်၊ အကျဉ်းစခန်းအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊

(ဃ) အမျိုးသမီး အကျဉ်းသားများအား ခွဲခြားထားခြင်း ရှိ မရှိနှင့် ထောင်ဒဏ်ချမှတ်ခြင်းခံရသည့် ကလေးသူငယ်များအား ခွဲခြားချုပ်နှောင်ထားခြင်း ရှိ မရှိ၊

(င) အိမ်သာများ သန့်ရှင်းမှု ရှိ မရှိ၊

(စ) သင့်တင့်မျှတသော အဝတ်အထည်များ ရရှိခြင်း ရှိ မရှိ၊

(ဆ) နေ့စဉ်အစားအစာ ကျွေးမွေးမှု ရှိ မရှိ၊

(ဇ) အကျဉ်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းမှု ကောင်း မကောင်း၊

(ဈ) အကျဉ်းသားအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း အစီအစဉ် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(ည) အကျဉ်းထောင်၊ အကျဉ်းစခန်းအတွင်း လေကောင်းလေသန့်ရရှိခြင်း ရှိ မရှိ၊

(ဋ) အကျဉ်းထောင်၊ အကျဉ်းစခန်းအတွင်း သန့်ရှင်းမှု ရှိ မရှိ၊

(ဌ) အကျဉ်းထောင်၊ အကျဉ်းစခန်း၏ အကျယ်အဝန်းနှင့် ဝင်ဆံ့မှု သင့် မသင့်၊

(ဍ) ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊

(ဎ) သင့်တင့်မျှတသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိခြင်း ရှိ မရှိ၊

(ဏ) ကျောင်းပညာ ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်း ရှိ မရှိ၊

(တ) ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန် စီစဉ် ဆောင်ရွက်ထားမှု ရှိ မရှိ၊

(ထ) စိတ်ဓာတ်ပြုပြင်ရေး၊ အကျင့်စာရိတ္တပြုပြင်ရေး ဆောင်ရွက်မှု ရှိ မရှိ၊

(ဒ) မိမိတို့ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြု ကိုးကွယ်ရန် အခွင့် အလမ်း ရှိ မရှိ၊

(ဓ) အားကစားနှင့် စာကြည့်တိုက်များ စီစဉ်ထားရှိမှု ရှိ မရှိ။

၄၂။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အချုပ်ခန်းအသီးသီးရှိ အချုပ်သားများအား ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ ရဲလက်စွဲတွင် ပြဋ္ဌာန်းထားသော အချက်များနှင့် ညီ မညီ အောက်ပါ တို့ကို ကြည့်ရှု စစ်ဆေးရမည်-

(က) ချုပ်မိန့် မရှိဘဲ ၂၄ နာရီကျော်လွန် ချုပ်နှောင်မှု ရှိ မရှိ၊

(ခ) သက်ဆိုင်ရာ တရားသူကြီး၏ ချုပ်မိန့် ရှိ မရှိ၊

(ဂ) အာမခံပေးခွင့် ရရှိသော ပြစ်မှုများဖြစ်သော်လည်း အာမခံမပေးဘဲ ချုပ်နှောင်ထား မှု ရှိ မရှိ၊

(ဃ) မှားယွင်းမှု သို့မဟုတ် လီဆယ်မှုဖြင့် ပိတ်သိမ်းပြီးသောအမှုမှ စွပ်စွဲခံရသူအား ဆက်လက် ချုပ်နှောင်ထားခြင်း ရှိ မရှိ၊

(င) မှားယွင်းမှု သို့မဟုတ် လီဆယ်မှုဖြင့် ပိတ်သိမ်းပြီးသောအမှုမှ စွပ်စွဲခံရသူအား ပြန်လွှတ်ရာတွင် ခရီးစရိတ်ပေးခြင်း ရှိ မရှိ၊

(စ) အဂတိလိုက်စား၍ဖြစ်စေ၊ မလိုမုန်းထား၍ဖြစ်စေ ချုပ်နှောင်ထားမှု ရှိ မရှိ၊

(ဆ) အချုပ်သားထံမှ သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်း ထားခြင်း ရှိ မရှိ၊

(ဇ) အချုပ်သား၌ ထိခိုက်သည့် ဒဏ်ရာဒဏ်ချက်များ ရှိ မရှိ၊

(ဈ) အချုပ်ခန်းအတွင်း ညဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊

(ည) အမျိုးသမီးအချုပ်သားများအား ခွဲခြားထားခြင်း ရှိ မရှိနှင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ ကလေးသူငယ်များအား ချုပ်နှောင်ထားခြင်း ရှိ မရှိ၊

(ဋ) အိမ်သာများ သန့်ရှင်းမှု ရှိ မရှိ၊

(ဌ) နေ့စဉ်အစားအစာ ကျွေးမွေးမှု ရှိ မရှိ၊

(ဍ) အချုပ်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းမှု ကောင်း မကောင်း၊

(ဎ) အချုပ်သားအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း အစီအစဉ် ဆောင်ရွက်ထား ခြင်း ရှိ မရှိ၊

(ဏ) အချုပ်ခန်းအတွင်း လေကောင်းလေသန့် ရရှိခြင်း ရှိ မရှိ၊

(တ) အချုပ်ခန်းအတွင်း သန့်ရှင်းမှု ရှိ မရှိ၊

(ထ) အချုပ်ခန်း၏ အကျယ်အဝန်းနှင့် ဝင်ဆံ့မှု သင့် မသင့်၊

(ဒ) ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ။

၄၃။ ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ အောက်ပါတို့ကို ကြည့်ရှု စစ်ဆေးရမည်-

(က) သင့်တင့်မျှတသော အစားအစာ၊ ရိက္ခာများ ရရှိခြင်း ရှိ မရှိ၊ အစားအသောက် အသုံးစရိတ်များ မှန်ကန်မျှတခြင်း ရှိ မရှိ၊

(ခ) အစားအစာရိက္ခာများကို ဝေငှရာတွင် ဘက်လိုက်ခြင်း၊ အလွဲသုံးစားပြုခြင်း ရှိ မရှိ၊

(ဂ) သင့်တင့်မျှတသော အဝတ်အထည်များ ရရှိခြင်း ရှိ မရှိ၊

(ဃ) အဝတ်အထည်များ ဝေငှရာတွင် ဘက်လိုက်ခြင်း၊ အလွဲသုံးစားပြုခြင်း ရှိ မရှိ၊

(င) သင့်တင့်မျှတသော နေရာထိုင်ခင်း ရှိ မရှိ၊ ရာသီဥတုဘေးဒဏ်ကို ကာကွယ်နိုင်ခြင်း ရှိ မရှိ၊

(စ) သင့်တင့်မျှတသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိခြင်း ရှိ မရှိ၊

(ဆ) ကျောင်းပညာ ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်း ရှိ မရှိ၊

(ဇ) ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန် စီစဉ် ဆောင်ရွက်ထားမှု ရှိ မရှိ၊

(ဈ) စိတ်ဓာတ်ပြုပြင်ရေး၊ အကျင့်စာရိတ္တပြုပြင်ရေး ဆောင်ရွက်မှု ရှိ မရှိ၊

(ည) မိမိတို့ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ရန် အခွင့် အလမ်းရှိ မရှိ၊

(ဋ) အားကစားနှင့် စာကြည့်တိုက်များ စီစဉ်ထားရှိမှု ရှိ မရှိ၊

(ဌ) ကျန်းမာရေးစောင့်ရှောက်မှုများ ရှိ မရှိ၊

(ဍ) အိမ်သာများ သန့်ရှင်းမှု ရှိ မရှိ၊

(ဎ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ရှိ မရှိ၊

(ဏ) အာဏာပိုင်က သော်လည်းကောင်း၊ ဒုက္ခသည် အချင်းချင်းက သော်လည်းကောင်း စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားပြုမူခြင်း ရှိ မရှိ။

**ကြည့်ရှုစစ်ဆေးပြီးနောက် ဆောင်ရွက်ခြင်း**

၄၄။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး စခန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စစ်ဆေးတွေ့ရှိချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများထံ အသိပေးအကြောင်းကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က မည်ကဲ့သို့ အရေးယူဆောင်ရွက်သင့်ကြောင်း ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့၏ အရေးယူ ဆောင်ရွက်ချက်များသည် ပြည့်စုံလုံလောက်မှုမရှိဟု ယူဆပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံ ဖြည့်ဆည်းဆောင်ရွက်ရန် ထပ်မံ အကြောင်းကြားခြင်း။

၄၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ထူးခြားပြီး အရေးကြီးသည့်ကိစ္စ ဖြစ်သည်ဟု ယူဆသော စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ကော်မရှင်သို့ ဆောလျင်စွာ တင်ပြပြီး လမ်းညွှန်မှု ခံယူ ဆောင်ရွက်ရမည်။

၄၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ရမည်။ ယင်းသို့ ပေးပို့သောစာကို ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား ကြည့်ရှုစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က လက်မှတ်ရေးထိုးရမည်။

၄၇။ ကြည့်ရှု စစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ်ဆေးရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်

အထား ခိုင်လုံစွာ တွေ့ရှိပါက အစီရင်ခံစာတွင် အောက်ပါ အကြံပြုတိုက်တွန်းချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) လူ့အခွင့်အရေး ဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေး ဖောက်ဖျက်မှု ဆက်လက် မဖြစ်ပေါ်စေရေးနှင့် အလားတူဖောက်ဖျက်မှု ထပ်မံ မဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေး။

၄၈။ ဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏ တာဝန်များ ထမ်းဆောင်စဉ် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင်ကိုယ်စား ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်းကို သက်ဆိုင်သူ ပုဂ္ဂိုလ်များအား အသိပေး ပြောကြားရမည်။

## အခန်း(၆)

## အစည်းအဝေး ကျင်းပခြင်းဆိုင်ရာကိစ္စရပ်များ

၄၉။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၅၀။ အစည်းအဝေးကို ကော်မရှင်အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ရမည်။ မလွှဲမရှောင်သာသည့် အကြောင်းကြောင့် ကော်မရှင်အဖွဲ့ဝင်အချို့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိပါက ကော်မရှင်အဖွဲ့ဝင် စုစုပေါင်း အရေအတွက်၏ သုံးပုံနှစ်ပုံ တက်ရောက်လျှင် အစည်းအဝေး အထမြောက်စေရမည်။

၅၁။ အစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌသည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရ မည်။ ကော်မရှင်ဥက္ကဋ္ဌ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိလျှင် ဒုတိယဥက္ကဋ္ဌက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ၎င်းတို့နှစ်ဦး စလုံး တက်ရောက်နိုင်ခြင်း မရှိလျှင် ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင် အဖွဲ့ဝင် တစ်ဦးဦးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅၂။ အစည်းအဝေးကို သာမန်အားဖြင့် ကော်မရှင်ရုံး၌ ကျင်းပရမည်။ ထူးခြား သည့် အခြေအနေအရ လိုအပ်ပါက အခြားနေရာတွင် ကျင်းပနိုင်သည်။

၅၃။ ကော်မရှင် အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးညှိနှိုင်း ပြီး ကန့်ကွက်သူ မရှိသည့်ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ အကယ်၍ ကန့်ကွက်သူ မရှိစေရန် ညှိနှိုင်းသော်လည်း သဘောတူညီမှု မရရှိပါက အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ကော်မရှင် အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၅၄။ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရာတွင် အစည်းအဝေးသို့ တက်ရောက်သူ ကော်မရှင် အဖွဲ့ဝင်သည် ထောက်ခံဆန္ဒမဲပေးခြင်း၊ ကန့်ကွက်ဆန္ဒမဲပေးခြင်း သို့မဟုတ် ကြားနေ ဆန္ဒမဲပေးခြင်း ပြုနိုင်သည်။ ထောက်ခံ ဆန္ဒမဲပေးသူနှင့် ကန့်ကွက် ဆန္ဒမဲပေးသူ စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

၅၅။ ယင်းကဲ့သို့ ကျင်းပပြီးသော အစည်းအဝေးတွင် အတည်ပြုပြီးသည့် ဆုံးဖြတ် ချက်များကို ကော်မရှင် အစည်းအဝေး တက်ရောက်ခြင်းမရှိသည့် ကော်မရှင်အဖွဲ့ဝင် များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိစေရ။ ထို့ပြင် ယင်းကဲ့သို့ အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်များကို ကော်မရှင်အဖွဲ့ဝင် အားလုံးက အတည်ပြုသည့် ဆုံးဖြတ်ချက်များအဖြစ် မှတ်ယူရ မည်။

၅၆။ ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဖြစ် သည်။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကော်မရှင်၏ အတွင်းရေးမှူး အဖြစ် အစည်းအဝေး တက်ရောက် မှတ်တမ်းတင်ရမည်။ ၎င်းမတက်ရောက်နိုင်ပါက စီမံရေးရာ တာဝန်ယူသည့် ကော်မရှင်အဖွဲ့ဝင်က တာဝန်ပေးအပ်သည့် အရာထမ်း သည် ကော်မရှင် အစည်းအဝေးသို့ တက်ရောက်၍ မှတ်တမ်းတင်ခြင်း၊ ဘာသာရပ်

ဆိုင်ရာနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ရမည်။ ၎င်းသည် အစည်းအဝေးတွင် မဲပေးခွင့် မရှိသော်လည်း အကြံပြုခွင့် ရှိသည်။

၅၇။ ကော်မရှင်အစည်းအဝေး တက်ရောက်ကြသူများသည် ကော်မရှင်အစည်းအဝေးတွင် အစည်းအဝေးနှင့် သက်ဆိုင်သော အကြောင်းအရာကိုသာ အဓိကထား၍ ဆွေးနွေး ပြောကြားရမည်။

၅၈။ ကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းကိစ္စသည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း သက်ဆိုင်မှုရှိပါက ထိုသို့ ဆွေးနွေးရာတွင် ယင်းအဖွဲ့ဝင် အနေဖြင့် ပါဝင်ဆွေးနွေးခြင်း မရှိစေရ။

၅၉။ အစည်းအဝေးတွင် ဆွေးနွေးမည့် ဘာသာရပ်နှင့် သက်ဆိုင်သည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားလှယ်များကို လိုအပ်ပါက လေ့လာသူအဖြစ် ဖိတ်ကြားနိုင်သည်။ ယင်းအစည်းအဝေးတွင် အဆိုပါ ကိုယ်စားလှယ်ကို မဲပေးခွင့် မပြုနိုင်သော်လည်း ဆွေးနွေး ပြောကြားခွင့် ပြုရမည်။

၆၀။ ပုံမှန်အစည်းအဝေး မကျင်းပသည့် ကာလတွင် အထူးကိစ္စရပ်များ သို့မဟုတ် အရေးပေါ် ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အထူးအစည်းအဝေးကို ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်၍ ကော်မရှင် အဖွဲ့ဝင် အနည်းဆုံး သုံးဦး၊ စုစုပေါင်း လေးဦးဖြင့် ကျင်းပဆောင်ရွက်နိုင်သည်။ ယင်း ဆုံးဖြတ် ဆောင်ရွက်ချက်များကို ကော်မရှင်၏ အနီးဆုံး ပုံမှန်အစည်းအဝေးသို့ တင်ပြရမည်။ ကော်မရှင် ဥက္ကဋ္ဌ မရှိပါက ဒုတိယဥက္ကဋ္ဌ ဦးဆောင်၍ ကျန်ကော်မရှင် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်း လေးဦးဖြင့် ဆောင်ရွက်နိုင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံး တက်ရောက်နိုင်ခြင်း မရှိလျှင် ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင် အဖွဲ့ဝင်တစ်ဦးက ဦးဆောင်၍ အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း လေးဦးဖြင့် ဆောင်ရွက်နိုင်သည်။

၆၁။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ထားသည့် အရာထမ်းသည် ကော်မရှင် အစည်းအဝေးမှတ်တမ်း (မူကြမ်း) ကို ပြုစု၍ ကော်မရှင် အစည်းအဝေး တက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များထံ သတ်မှတ်ချိန်အတွင်း တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ကော်မရှင်အစည်းအဝေး တက်ရောက်

သည့် ကော်မရှင်အဖွဲ့ဝင်များ သဘောတူ အတည်ပြုပြီးသည့် အစည်းအဝေး မှတ်တမ်းကို ကော်မရှင်အဖွဲ့ဝင်များထံ ဖြန့်ဝေပြီး စနစ်တကျ မှတ်တမ်းတင် ထားရှိရမည်။

## အခန်း (၇)

## အထွေထွေ

၆၂။ ကော်မရှင်သည် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ရုံးအား အောက်ပါဌာနများဖြင့် ဖွဲ့စည်းထားရှိရမည်-

(က) လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန၊

(ခ) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၊

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန။

၆၃။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး လုပ်ငန်း လိုအပ်ချက်ပေါ်မူတည်၍ ကော်မရှင်ရုံးခွဲများကို သင့်လျော်သည့် နေရာများ၌ ဖွင့်လှစ်နိုင်သည်။

၆၄။ ကော်မရှင်ရုံး ဝန်ထမ်းများသည် ကော်မရှင်၏ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ၏ လုံခြုံရေးကို ထိန်းသိမ်းရန် တာဝန်ရှိသည်။

၆၅။ ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စု လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာနများ၊ အစိုးရ အဖွဲ့အစည်းများနှင့် လိုအပ်သကဲ့သို့ ဆက်သွယ် ဆောင်ရွက်နိုင်သည်။

၆၆။ ကော်မရှင်သည် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုခြင်း မပြုရသေးသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို လေ့လာ၍

နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည်ဟု ယူဆသော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်များတွင် ပါဝင်ချုပ်ဆိုနိုင်ရေးအတွက် အစိုးရအဖွဲ့သို့ အကြံပြု တင်ပြရမည်။

၆၇။ ကော်မရှင်သည် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) ပါကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ အများပြည်သူ လေ့လာသိရှိနိုင်ရန် ထုတ်ပြန်ထားသော ဥပဒေကြမ်းများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ညီညွတ်မှု ရှိ မရှိကို လည်းကောင်း၊ လိုအပ်ပါက ဥပဒေ ပြင်ဆင်ရေးကိုလည်းကောင်း လေ့လာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ပြီး အစိုးရအဖွဲ့သို့ အကြံပြု တင်ပြရမည်။

၆၈။ ကော်မရှင်သည် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်နှင့် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ညှိနှိုင်းရေး ကော်မတီတို့နှင့်လည်းကောင်း၊ အခြားသင့်လျော်သည့် အဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆၉။ ကော်မရှင်သည် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများသို့ နိုင်ငံတော်က တင်သွင်းမည့် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများ ပြုစုရာတွင် လွတ်လပ်မှု အခြေခံဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ရမည်။ လိုအပ်ပါက ကော်မရှင်အနေဖြင့် သီးခြား အစီရင်ခံစာ ပြုစုတင်ပြရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၇၀။ ကော်မရှင်သည် နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အချက်အလက်များ၊ ကိန်းဂဏန်းများကို စုဆောင်းရယူရန် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း

များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။

၇၁။ ပြက္ခဒိန်နှစ်အတွင်း ကော်မရှင်၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာဌာန အလိုက် ပြုစု၍ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနက စုစည်း တင်ပြရမည်။

၇၂။ ကော်မရှင်၏ အကြံပြု ထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို ကော်မရှင် အစည်းအဝေးတွင် ဆွေးနွေး အတည်ပြုရမည်။

(ဝင်းမြ)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ပုံစံ (၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

**သက်သေ ကတိသစ္စာပြုလွှာ**

**[လုပ်ထုံးလုပ်နည်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ခ) နှင့် (ဃ)]**

**------------------------ ၏ ကတိသစ္စာပြုလွှာ**

အမည် -

အဘအမည် -

မှတ်ပုံတင်အမှတ် -

အလုပ်အကိုင် -

နေရပ်လိပ်စာ -

ကျွန်ုပ်၏ ထွက်ဆိုချက်သည် မှန်ကန်ကြောင်း၊ ၎င်းတွင် မည်သည်ကိုမျှ ထိမ်ချန်ထားခြင်း၊ မမှန်မကန် ထွက်ဆိုထားခြင်း မရှိပါကြောင်း လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။

မှန်ကန်စွာထွက်ဆိုပါမည်ဟု ကတိသစ္စာပြုပြီးနောက် အောက်ပါအတိုင်း ထွက်ဆိုပါသည်။

(လက်မှတ်)

ရက်စွဲ၊ ခုနှစ်၊ လ ရက်